# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော်၊ ဇွန် ၃၀ ရက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၊ B-annex ခန်းမ၌ ပြုလုပ်သော လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းဖွင့်ပွဲ အခမ်းအနား ကို တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည် မြှင့်တင်ရေးဆိုင်ရာ ဥပဒေသင်တန်းစတင်ဖွင့်လှစ်နိုင်သည့် မင်္ဂလာရှိသော နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တတိယအကြိမ် လွှတ်တော်ကာလ သက်တမ်းတစ်ခုအတွင်း လွှတ်တော်၏ အခန်းကဏ္ဍမြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်ရန် အချိန်ယူညှိနှိုင်း တိုင်ပင်၍ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ကဏ္ဍဆိုရာတွင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများ ပွင့်လင်းမြင်သာရေး၊ ပြည်သူကို ကိုယ်စားပြုရေး၊ နိုင်ငံတကာ လွှတ်တော်များ၏ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး၊ ဆက်သွယ်ဆက်ဆံမှု နယ်ပယ် ကြီးမားကျယ်ပြန့်ရေးနှင့် ဒီမိုကရေစီ၏ ပြယုဂ်အဖြစ် ခေတ်မီသည့် လွှတ်တော် ဖြစ်အောင် တစ်စချင်း၊ တစ်စချင်း ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တစ်ချိန် တည်းမှာပင် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို အဓိကပံ့ပိုး ကူညီသွားကြမည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာဘာသာရပ်စွမ်းရည်၊ ကျင့်ဝတ်သိက္ခာ စသည်များကိုပါ ပိုမိုတိုးတက် ကောင်းမွန်အောင် ရည်ရွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

ယခု သင်တန်း၏ ရည်ရွယ်ချက်မှာ လွှတ်တော်၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရေး တာဝန်များကို ခေတ်စနစ်နှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သော အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် ဖြစ်ပါကြောင်း၊ မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံအတွက် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးသည် ဥပဒေ၏ အကာအကွယ်အောက်တွင် နိစ္စဓူဝ လုပ်ငန်း ဆောင်တာများကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်ရန်နှင့် ဥပဒေနှင့်အညီဖြစ်စေရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းကို ကနဦးအဆင့် သင်တန်းသား ၈၈ ဦးဖြင့် သုံးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်များ အနေဖြင့်လည်း ဥပဒေကြမ်းရေးဆွဲခြင်း ရေးထုံးရေးနည်းများ ဥပဒေဆိုင်ရာ အတွေးအခေါ်များနှင့် သိမှတ်ဖွယ်ရာများကို မေးမြန်းခြင်း၊ ဖြေကြားခြင်း ကဏ္ဍများပါ ပေါင်းစပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Case Study အဖြစ် ဥပဒေသုံးခုကိုလည်း လက်တွေ့ ဆန်းစစ်လေ့လာနိုင်ရန် ထည့်သွင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ယခုသင်တန်းသည် ဥပဒေသင်တန်းဖြစ်၍ ဥပဒေကြမ်း ကော်မတီ တစ်ခုတည်းနှင့်သာ သီးခြားသက်ဆိုင်ခြင်းမဟုတ်ဘဲ လွှတ်တော်၏ ကော်မတီအသီးသီးတွင်လည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ပါဝင်နေသောကြောင့် အားလုံးနှင့် သက်ဆိုင်သည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ အားလုံး၏ အရည်အသွေးတိုးမြှင့်ရေးကို လေ့ကျင့်ရေးနှင့် တည်ဆောက်ရမည်သာဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်ကို တစ်ဆင့် ထက်တစ်ဆင့် ပိုမိုပြည့်စုံကောင်းမွန်လာအောင် သင်တန်းများက များစွာအထောက် အကူပြုမည်ဟုလည်း ယုံကြည်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သင်တန်း ပြီးဆုံးပြီးနောက်တွင် သင်တန်းအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို

နောင်သင်တန်းများတွင် အားနည်းချက်၊ လိုအပ်ချက်မရှိစေရေးအတွက် ပြန်လည်တင်ပြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဥပဒေပညာရှင် ဒေါ်သန်းသန်းရီ က မြန်မာ့ကျောက်မျက်ရတနာဥပဒေ ၄/၂၀၁၉ နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ ၁/၂၀၁၉ ဥပဒေ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပို့ချမှုများအပေါ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)